# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# တရားလွှတ်တော်ချုပ်
# ၁၉၆၀ ပြည့်နှစ်၊ စစ်ဘက်အယူခံ တရားရုံးနည်းဥပဒေများ
# ကျေညာချက်၊ အမှတ် ၃ (အထွေထွေ)
# ရန်ကုန်မြို့၊ ၁၃၂၂ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်။
# (၁၉၆၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃၀ ရက်)။

**[ ပြင်ဆင် : 00.00.2014 ]**

အမှတ် ၃ (အထွေထွေ)။ ။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေပုဒ်မ ၂၃၀ အရ၊ အပ်နှင်းထား သည့် အာဏာများကိုသုံးစွဲလျက်၊ တရားလွှတ်တော်ချုပ်သည်၊ နိုင်ငံတော်သမတ၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ပြုလိုက်သည်။

အမည်နှင့်စတင်အာဏာတည်သည့်နေ့ရက်။

၁။ ။ (၁) ဤနည်းဥပဒေများကို၊ **၁၉၆၀ ပြည့်နှစ်၊ စစ်ဘက်အယူခံတရားရုံးနည်းဥပဒေများ**ဟု ခေါ်တွင် စေရမည်။

(၂) ဤနည်းဥပဒေများသည်၊ ၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေ စတင်အာဏာတည်သည့် နေ့ရက် တွင် စတင်အာဏာတည်ရမည်။

အဓိပ္ပါယ်ဖော်ပြချက်။

၂။ ။ ဤနည်းဥပဒေများတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင်-

(က) **"အက်ဥပဒေ"**ဆိုသည်မှာ၊ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို ဆိုလိုသည်။

(ခ) **"တရားရုံး"** ဆိုသည်မှာ၊ စစ်ဘက်အယူခံတရားရုံးကို ဆိုလိုသည်။

(ဂ) "**တရားသူကြီး**" ဆိုသည်မှာ၊ တရားရုံး၏ တရားသူကြီးကို ဆိုလိုသည်။

(ဃ) "**ဥက္ကဋ္ဌ**" ဆိုသည်မှာ တရားရုံးတွင် ပါဝင်သည့်အဖွဲ့ဝင်များအနက် ဝါအရင့်ဆုံးအဖွဲ့ဝင်ကို ဆိုသည်။

(င) **"သက်သေခံပစ္စည်း"** ဆိုသည်မှာ၊ စစ်တရားရုံးအမှုတွဲများနှင့် အတူပူးတွဲထားသည် ဖြစ်စေ၊ ပူးတွဲမထားသည်ဖြစ်စေ၊ စစ်တရားရုံးတွင် စစ်ဆေးစီရင်စဉ်က၊ သက်သေခံအဖြစ် အသုံးပြုသော စာတမ်းအမှတ်အသားနှင့် ပစ္စည်းအားလုံးကို ဆိုလိုသည်။

(စ) **"ပုံစံ"** ဆိုသည်မှာ၊ ဤနည်းဥပဒေများပါ ပဋ္ဌမဇယားတွင် သီးခြားဖော်ပြထားသည့် ပုံစံကိုသော်၎င်း၊ အကြောင်းအားလျော်စွာ ထိုပုံစံနှင့်နီးစပ်နိုင်သမျှနီးစပ်သည့် ပုံစံကိုသော်၎င်း ဆိုလိုသည်။

<ပြင်ဆင် 00.00.2014>

လျှောက်လွှာများ။

Myanmar Law Information System (MLIS)

၃။ ။ ဤနည်းဥပဒေများပါ ဒုတိယဇယားရှိ ကော်လံ (၁) တွင်သီးခြားဖော်ပြထားသည့် အခြေအနေ တခုခု အရ၊ အယူခံတရားလိုက၊ အဆိုပါအခြေအနေနှင့်စပ်လျဉ်း၍၊ ထိုဇယားရှိကော်လံ (၂) တွင် သီးခြား ဖော်ပြထားသူထံတင်သွင်းသော လျှောက်လွှာကို အက်ဥပဒေပုဒ်မ ၂၁၃၊ ပုဒ်မခွဲ (၂)၊ ပုဒ်မခွဲငယ် (ခ)အလို့ငှါ၊ သက်ဆိုင်ရာအာဏာပိုင်ထံ တင်သွင်းသည်ဟု မှတ်ယူရမည်။

<ပြင်ဆင် 00.00.2014>

လျှောက်လွှာ၊ အယူခံလွှာနှင့် နို့တစ်စာများ။

၄။ ။ (၁) တဦးတယောက်သောသူသည်၊ မိမိအပေါ်ချမှတ်သည့် စစ်တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ချက် နှင့်စပ်လျဉ်း၍၊ တရားရုံးသို့အယူခံဝင်လိုလျှင် ပုံစံ ၁ ဖြင့် အယူခံဝင်ရမည့်ပြင်၊ အဆိုပါပုံစံတွင် ဖော်ပြသည့် မေးခွန်းများကိုလည်းဖြေဆို၍၊ အဆိုပါပုံစံတွင်ဖော်ပြထားသည့် လိုအပ်ချက်များ အတိုင်းလည်း လိုက်နာဆောင်ရွက် ရမည်။

(၂) လျှောက်လွှာကိုင်း၊ အယူခံလွှာကိုင်း၊ အယူခံမှုစွန့်လွှတ်ကြောင်းနို့တစ်စာမှအပ၊ ဤနည်းဥပဒေ များအရတရားရုံးသို့ တင်သွင်းရန်လိုအပ်သော၊ သို့တည်းမဟုတ် တင်သွင်းခွင့်ပြုထားသော နို့တစ်စာ ကိုင်း၊ အယူခံတရားလိုက၊ သို့တည်းမဟုတ် ၎င်း၏ကိုယ်စားလှယ်က လက်မှတ်ရေးထိုးရမည်။ အယူခံမှုစွန့်လွှတ်ကြောင်း နို့တစ်စာကိုမူ အယူခံတရားလိုကိုယ်တိုင် လက်မှတ်ရေးထိုးရမည်။

(၃) လျှောက်လွှာကိုင်း၊ အယူခံလွှာကိုင်း၊ ဤနည်းဥပဒေများအရ၊ တရားရုံးသို့ ပေးပို့ရန်လိုအပ်သော၊ သို့တည်းမဟုတ်ပေးပို့ခွင့်ပြုထားသော နို့တစ်စာကိုင်း နည်းဥပဒေခွဲ (၄)နှင့် မဆန့်ကျင်စေဘဲ၊ ဌာနမှူးထံတင်သွင်းရမည်။

(၄) ဤနည်းဥပဒေများပါ ဒုတိယဇယားရှိ ကော်လံ (၁) တွင် သီးခြားဖော်ပြထားသည့် အခြေအနေ တခုခုတွင်၊ လျှောက်လွှာကိုဖြစ်စေ၊ အယူခံလွှာကိုဖြစ်စေ၊ ဤနည်းဥပဒေများအရ၊ တရားရုံးသို့တင်သွင်း ရန် လိုအပ်သော၊ သို့တည်းမဟုတ် တင်သွင်းခွင့်ပြုထားသော နို့တစ်စာကိုဖြစ်စေ၊ အဆိုပါအခြေအနေ များနှင့် စပ်လျဉ်း၍၊ ထိုဇယားရှိကော်လံ (၂)တွင် သီးခြားဖော်ပြထားသူထံတင်သွင်းနိုင်သည်။

(၅) နည်းဥပဒေခွဲ (၄) နှင့်အညီ၊ ဌာနမှူးထံသို့မှတပါး၊ အခြားသူတဦးထံသို့ လျှောက်လွှာကိုဖြစ်စေ၊ အယူခံလွှာကိုဖြစ်စေ၊ နို့တစ်စာကိုဖြစ်စေ တင်သွင်းလျှင်၊ ထိုသူသည် အဆိုပါလျှောက်လွှာကို၊ သို့တည်း မဟုတ်အယူခံလွှာကို၊ သို့တည်းမဟုတ် နို့တစ်စာကို ဌာနမှူးထံသို့ လျင်မြန်နိုင်သမျှ လျင်မြန်စွာ ပေးပို့ရမည်။

(၆) အယူခံတရားလိုသည်၊ သို့တည်းမဟုတ် ဤနည်းဥပဒေများပါကိစ္စများ အလို့ငှါ၊ လျှောက်လွှာ၊ သို့တည်းမဟုတ် အယူခံလွှာတင်သွင်းရန် သော်၎င်း၊ နို့တစ်စာပေးရန်သော်၎င်း လိုအပ်သော၊ သို့တည်း မဟုတ်အာဏာအပ်နှင်းခြင်းခံရသော အခြားသူသည်၊ စာမရေးတတ်ပါက၊ ထိုလျှောက်လွှာတွင်၊ သို့တည်းမဟုတ် ထိုအယူခံလွှာတွင်၊ သို့တည်းမဟုတ် ထိုနို့တစ်စာတွင်၊ မိမိ၏ကြက်ခြေခတ်အမှတ်ကို သက်သေတဦးရှေ့တွင်ရေးမှတ်၍၊ ထိုသို့ကြက်ခြေခတ်အမှတ်ရေးမှတ်ခြင်းကို ထိုသက်သေကသက်သေ ခံလက်မှတ်ရေးထိုးရမည်။ ထိုအခါထိုလျှောက်လွှာကို သော်၎င်း၊ ထိုအယူခံလွှာကိုသော်၎င်း၊ ထိုနို့တစ် စာကို သော်၎င်း၊ အယူခံတရားလိုက လက်မှတ်ရေးထိုးသည်ဟု မှတ်ယူရမည်။

Myanmar Law Information System (MLIS)

<ပြင်ဆင် 00.00.2014>

အယူခံမှုကို စွန့်လွှတ်ခြင်း။

၅။ ။ အယူခံတရားလိုသည် အယူခံလွှာ တင်သွင်းပြီးသည့်နောက် မည်သည့်အခါမဆို၊ ဌာနမှူးထံ သို့ ပုံစံ ၃ ဖြင့် အယူခံမှု စွန့်လွှတ်ကြောင်း နို့တစ်စာပေး၍၊ မိမိ၏အယူခံမှုကို စွန့်လွှတ်နိုင်သည်။

<ပြင်ဆင် 00.00.2014>

လျှောက်လွှာများတင်သွင်းရန်နှင့် နို့တစ်စာများပေးပို့ရန်အချိန်။

၆။ ။ (၁) သေဒဏ်ချမှတ်ခြင်းခံရသူမှအပ၊ စစ်တရားရုံး၏ ပြစ်မှုထင်ရှား စီရင်ခြင်းခံရသူက၊ မိမိအယူခံ ဝင်နိုင်သည့်အခွင့်အရေးကို မသုံးစွဲမီ၊ ရှေးဦးစွာလိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်အဖြစ်ဖြင့် အက်ဥပဒေပုဒ်မ ၂၁၃၊ ပုဒ်မခွဲ (၂)၊ ပုဒ်မခွဲငယ် (ခ) အရ၊ သက်ဆိုင်ရာအာဏာပိုင်ထံသို့၊ မိမိအပေါ်ချမှတ် ထားသည့် ပြစ်မှုထင်ရှားစီရင်ချက်ကို ပယ်ဖျက်ပေးရန် လျှောက်လွှာတင်သွင်း ရမည့်ကာလ အပိုင်း အခြားသည်၊ စစ်တရားရုံး၏ဆုံးဖြတ်ချက်ကို ကျေညာသည့်နေ့နောက် ရက်ပေါင်း ဆယ်ရက်ဖြစ်ရမည်။

(၂) မည်သူမဆို၊ မိမိတင်သွင်းထားသည့် လျှောက်လွှာကို ခွင့်မပြုဟု ထိုလျှောက်လွှာတင်သွင်းသည့်နေ့ နောက်ရက်ပေါင်း ခြောက်ဆယ်မကုန်ဆုံးမီ အကြောင်းကြားခြင်းမခံရလျှင်၊ အက်ဥပဒေပုဒ်မ ၂၁၃၊ ပုဒ်မခွဲ (၂)၊ ပုဒ်မခွဲငယ် (ခ)၊ပုဒ်မခွဲငယ်စိတ် (၂) အရ၊ မိမိအယူခံဝင်နိုင်သည့် အခွင့်အရေးကို အဆိုပါရက်ပေါင်း ခြောက်ဆယ် ကုန်ဆုံးသောအခါ သုံးစွဲခွင့်ရှိလာစေရမည်။

(၃) အက်ဥပဒေပုဒ်မ ၂၁၄ အရ၊ တရားရုံးသို့အယူခံလွှာတင်သွင်းရမည့် ကာလအပိုင်း အခြားသည်၊ အယူခံတရားလိုက တရားရုံးသို့ အယူခံဝင်နိုင်သည့် အခွင့်အရေးကို သုံးစွဲခွင့်ရှိလာသည့် နေ့မှ အစပြု၍ ရက်ပေါင်းခြောက်ဆယ်ဖြစ်ရမည်။

<ပြင်ဆင် 00.00.2014>

အချိန်တိုးပေးခြင်း။

၇။ ။ အယူခံဝင်ခွင့်ပြုထားသည့် အချိန် တိုးပေးရေးအတွက် တရားရုံးသို့လျှောက်လွှာတင်သွင်းကြောင်း နို့တစ်စာမှာ ပုံစံ ၂ အရ ဖြစ်ရမည့်ပြင်၊ ထိုနို့တစ်စာကိုလည်းအယူခံလွှာနှင့်အတူ ဌာနမှူးထံ ပေးပို့ရမည်၊ သို့တည်းမဟုတ် နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (၄) နှင့်အညီ အယူခံလွှာနှင့်အတူ တင် သွင်းရမည်။

<ပြင်ဆင် 00.00.2014>

တရားသူကြီးတဦးတည်းထံ တင်သွင်းရန်လျှောက်လွှာ။

၈။ ။ (၁) အက်ဥပဒေပုဒ်မ ၂၂၉ အရ၊ တရားရုံး၏အာဏာများကို သုံးစွဲလျက်ရှိသော တရားရုံး၏ တရား သူကြီးတဦးသည်၊ သင့်လျော်သောနေရာ၌ ရုံးထိုင်နိုင်သည်။

(၂) တရားသူကြီးတဦးက အက်ဥပဒေပုဒ်မ ၂၂၉ အရ၊ တရားရုံး၏အာဏာများကိုသုံးစွဲလျက်၊ လျှောက် လွှာတခုခုကို ဆုံးဖြတ်သည့်ကိစ္စတွင်၊ ဌာနမှူးသည် ဆုံးဖြတ်ချက်ကို သက်ဆိုင်ရာ အမှုသည်များအား အကြောင်းကြားရမည်။

<ပြင်ဆင် 00.00.2014>

စစ်တရားရုံး၏အမှုတွဲများ။

Myanmar Law Information System (MLIS)

၉။ ။ (၁) အက်ဥပဒေအရတင်သွင်းသည့် အယူခံလွှာကို ရရှိသောအခါတွင်ဖြစ်စေ၊ အက်ဥပဒေပုဒ်မ ၂၂၈ အရ လွှဲအပ်တင်ပြသောအခါတွင်ဖြစ်စေ ဌာနမှူးသည်၊ အက်ဥပဒေပုဒ်မ ၂၂၆ နှင့်အညီ စစ်ဥပဒေချုပ်ရုံး သို့မဟုတ် တပ်မတော်မှတ်တမ်း ညွှန်ကြား ရေးမှူးရုံး၊ သက်ဆိုင်ရာရာအား၊ စစ်တရားရုံး၏ အမှုတွဲ များကိုင၎်း၊ အယူခံတရားလိုက ၎င်းအပေါ်ချမှတ်ထားသော ပြစ်မှုထင်ရှားစီရင်ချက် ပယ်ဖျက်ပေးရန် တင်သွင်းသည့်လျှောက်လွှာကိုင၎်း ထိုလျှောက်လွှာပေါ်တွင်ချမှတ်ထားသော အမိန့်ရှိပါက ထိုအမိန့်နှင့် အတူ မိမိထံပေးပို့ရန် တောင်းဆိုရမည်။

(၂) နည်းဥပဒေခွဲ (၁) တွင် ဖော်ပြထားသော အမှုတွဲကိုရရှိသောအခါ၊ ဌာနမှူးသည်၊ အဆိုပါ အမှု တွဲကိုအယူခံလွှာနှင့်အတူ အက်ဥပဒေပုဒ်မ ၂၂၉ အရ၊ တရားရုံး၏ အာဏာများသုံးစွဲလျက်ရှိသော တရားသူကြီးထံသို့ အယူခံကိုလက်ခံရန် သင့် မသင့်အမိန့်ချမှတ်စိမ့်သောငှါ တင်ပြရမည်။

(၃) အယူခံကိုလက်ခံလျှင်၊ ဌာနမှူးသည်၊ စစ်ဥပဒေချုပ်ထံသို့၎င်း၊ အယူခံတရားလိုထံသို့၎င်း နို့တစ်စာပေးပို့၍ အယူခံမှုစီရင်ဆုံးဖြတ်မည့် နေ့ရက်ကိုအကြောင်းကြားရမည်။

<ပြင်ဆင် 00.00.2014>

အမှုတွဲမိတ္တူ စသည်များ။

၁၀။ ။ (၁) အယူခံလွှာကိုဌာနမှူးရရှိပြီးသည့်နောက်၊ မည်သည့်အခါမဆို၊ ဤနည်းဥပဒေ များပါပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်စေဘဲ၊ အယူခံတရားလိုသည်၊ သို့တည်းမဟုတ် အယူခံ တရားခံ သည် အယူခံရန်ကိစ္စအတွက် ဌာနမှူး၏လက်တွင်ရှိသောစာတမ်းအမှတ်အသား မိတ္တူများကို ဌာနမှူးထံမှ ရယူနိုင်သည်။

(၂) မည်သည့်စာတမ်း အမှတ်အသားမိတ္တူများကိုမဆို၊ စာတမျက်နှာလျှင် ၁၀ ကျပ် ထက်မပို သော အခွန်တော်တံဆိပ်ခေါင်းဖြင့် အခကြေးငွေပေးစေ၍၊ အယူခံတရားလိုအား၊ ဌာနမှူးက ပေးရ မည်။ သို့ရာတွင် အယူခံတရားလိုအား၊ အခမဲ့ဥပဒေကြောင်းအကူအညီပေးထားပါက၊ ဌာနမှူးသည်၊ အဆိုပါမိတ္တူများကို အယူခံရန်ကိစ္စအတွက် ပေးရန်လိုအပ်သည်ဟု ယူဆလျှင် အခမဲ့ပေးရမည်။

(၃) တရားရုံးတွင်အသုံးပြုရန် လိုအပ်သောစာတမ်း အမှတ်အသားမိတ္တူကို၊ ဌာနမှူးညွှန်ကြားသည့် သူက ညွှန်ကြားသည့်နည်းလမ်းအတိုင်း ရေးကူးနိုင်သည်။

<ပြင်ဆင် 00.00.2014>

စာတမ်းအမှတ်အသားများနှင့် သက်သေခံပစ္စည်းများ။

၁၁။ ။ (၁) ဌာနမှူးသည်၊ မိမိထံသို့ အယူခံတရားလိုကဖြစ်စေ၊ အယူခံတရားခံက ဖြစ်စေ၊ လျှောက် ထားသည့်အခါ၊ သို့တည်းမဟုတ် အယူခံလွှာကိုဖြစ်စေ၊ လျှောက်လွှာကိုဖြစ်စေ၊ နည်းလမ်းတကျ ဆုံးဖြတ်ရန်လိုအပ်သည်ဟု ယူဆသည့်အခါ၊ မည်သည့်စာတမ်းအမှတ်အသား၊ သို့တည်းမဟုတ် သက်သေခံပစ္စည်းကိုမဆိုရယူ၍၊ တရားရုံးကအသုံးပြုနိုင်အောင် အသင့်ထားရှိနိုင်သည့်ပြင် တရားရုံးက ညွှန်ကြားသည့်အခါ အသင့်ထားရှိရမည်။ ထို့ပြင် ထိုအယူခံလွှာနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ထိုလျှောက်လွှာနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ဆုံးဖြတ်ချက်မချမှတ်သေးမီ အဆိုပါစာတမ်းအမှတ်အသား သက်သေခံပစ္စည်းနှင့် စစ်တရားရုံး၏ အမှုတွဲများကို နည်းဥပဒေ ၁၂ နှင့် မဆန့်ကျင်စေဘဲ

Myanmar Law Information System (MLIS)

ဌာနမှူးကစီစဉ်ထားသည့် အတိုင်းစီစဉ်ထားသည့်အချိန်၌ အယူခံတရားလိုအားသော်၎င်း၊ အယူခံတရားခံအားသော်၎င်း ကြည့်ရှု စစ်ဆေးခွင့်ပြုရမည်။

(၂) နည်းဥပဒေ ၁၂ပါ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်စေဘဲ တရားရုံးသည်၊ အယူခံမှုတွင် မည်သည့် အဆင့်၌မဆို တရားမျှတရေးအတွက် လိုအပ်သည်ဟု၊ သို့တည်းမဟုတ် သင့်တော်သည်ဟု ထင်မြင်လျှင်၊ မှုခင်းကိစ္စနှင့်သက်ဆိုင်သည့် စာတမ်းအမှတ်အသား၊ သက်သေခံပစ္စည်း၊ သို့တည်းမဟုတ် အခြားပစ္စည်း တခုခုကို၊ ဌာနမှူးထံသို့ဖြစ်စေ၊ တရားရုံးရှေ့သို့ဖြစ်စေ တင်ပြစေဟု ထိုစာတမ်းအမှတ်အသား၊ သို့တည်းမဟုတ် သက်သေခံပစ္စည်း၊ သို့တည်းမဟုတ် အခြားပစ္စည်းကို ကြီးကြပ်ထိန်းသိမ်း သူတဦးဦးအား အမိန့်ပေးနိုင်သည်။

(၃) အယူခံမှုကိုဆုံးဖြတ်ပြီးသည့်နောက်၊ သို့တည်းမဟုတ် စွန့်လွှတ်ပြီးသည့်နောက်၊ တရားရုံးကချမှတ် သော အမိန့်နှင့်မဆန့်ကျင်စေဘဲ၊ စာတမ်းအမှတ်အသားများနှင့် သက်သေခံပစ္စည်းများကို တင်ပြသော၊ သို့တည်းမဟုတ် ပေးပို့သောသူအား၊ ဌာနမှူးက ပြန်ပေးရမည်။

(၄) ဤနည်းဥပဒေအရ ချမှတ်သော အမိန့်စာကို၊ တရားရုံးကအခြားနည်းဖြင့်ချအပ်ရန် အမိန့်ပေး မထားလျှင်၊ သက်ဆိုင်သူအားလက်ရောက် ချအပ်ရမည်။

<ပြင်ဆင် 00.00.2014>

စာတမ်းအမှတ်အသားစသည်များ လုံခြုံရေး။

၁၂။ ။ ကာကွယ်ရေးဝန်ကြီးဌာန၊ ရုံးအဖွဲ့မှူးကလုံခြုံရေးအကြောင်းများကြောင့် အမှုတွဲ၊ သို့တည်းမဟုတ် အခြားစာတမ်းအမှတ်အသား၊ သို့တည်းမဟုတ် သက်သေခံပစ္စည်း၊ သို့တည်းမဟုတ် အခြားပစ္စည်း အားလုံးကိုဖြစ်စေ၊ တစိတ်တဒေသကိုဖြစ်စေ၊ တရားရုံးမှတပါး၊ အခြားသူတဦးဦးအား မပြသင့်ကြောင်းဖြင့်၊ သို့တည်းမဟုတ် မိမိသီးခြားဖော်ပြထားသော စည်းကမ်း ချက်များအရသာ ပြသင့်ကြောင်းဖြင့် တာဝန်ခံလက်မှတ်စာပေးလျှင်၊ ဌာနမှူးသည်၊ ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်တခုခုနှင့် မည်သို့ပင်ဆန့်ကျင်စေကာမူ၊ မည်သည့်စည်းကမ်းချက်များအရ၊ ၎င်းတို့ကိုကြည့်ရှု စစ်ဆေးခွင့်ပြုရမည်၊ သို့တည်းမဟုတ် ၎င်းတို့၏ မိတ္တူပေးရမည်ဟု ညွှန်ကြားသော တရားရုံး၏ အမိန့်မရရှိဘဲ ကြည့်ရှုစစ်ဆေးခွင့်မပြုရ၊ သို့တည်းမဟုတ် မိတ္တူမပေးရ။

<ပြင်ဆင် 00.00.2014>

စာတမ်းအမှတ်အသားလုံခြုံရေးနှင့် စပ်လျဉ်း၍မည်သည့်ဥပဒေ ပြဋ္ဌာန်းချက်ကိုမျှ ဤနည်းဥပဒေ များက မထိခိုက်စေခြင်း။

၁၃။ ။ မည်သည့်ဥပဒေပြဋ္ဌာန်းချက်တခုခုအရမဆို စာတမ်းအမှတ်အသားတခုခုကို ပြခြင်းဖြင့်သော်၎င်း၊ မေးခွန်းတခုခုကို ဖြေဆိုခြင်းဖြင့်သော်၎င်း၊ ပြည်သူတို့အကျိုးကို ထိခိုက်စေမည်ဟူသော အကြောင်း ကြောင့်၊ ထိုစာတမ်းအမှတ်အသားကို မပြဘဲထားရန်၊ သို့တည်းမဟုတ် ထိုမေးခွန်းကိုမဖြေဆိုဘဲ နေရန် ခွင့်ပြုထားလျှင်၊ သို့တည်းမဟုတ်လိုအပ်လျှင် ထိုဥပဒေပြဋ္ဌာန်းချက်ကို ဤနည်းဥပဒေများပါ စကား ကြောင့် မထိခိုက်စေရ။

သက်သေများ။

၁၄။ ။ (၁) သက်သေလာရောက်၍ စစ်ဆေးမေးမြန်းခြင်းခံရန် ထုတ်ဆင့်သောတရားရုံး၏အမိန့်စာမှာ ပုံစံ ၄ အရဖြစ်စေရမည့်အပြင်၊ လာရောက်ရမည့် နေရာနှင့်အချိန်ကိုလည်း ထိုအမိန့်စာတွင် သီးခြားဖော်ပြရမည်။

Myanmar Law Information System (MLIS)

(၂) အဆိုပါအမိန့်စာကို အယူခံတရားလိုကဖြစ်စေ၊ အယူခံတရားခံကဖြစ်စေ မည်သည့်အခါမဆို လျှောက်ထားပါက ထုတ်ဆင့်နိုင်သည်။ သို့ရာတွင် အယူခံတရားလိုသည်၊ အချုပ်ခံနေရ၍ တရားဥပဒေ နှင့်အညီ ကိုယ်စားဆောင်ရွက်သူ မရှိလျှင်၊ ထိုလျှောက်လွှာကို ပုံစံ ၅ ဖြင့် တင်သွင်းရမည်။

(၃) တရားရုံးသည်၊ သက်သေများကို မိမိရှေ့တွင်မဟုတ်ဘဲ၊ အခြားနည်းစစ်ဆေးမေးမြန်းရန် အမိန့် ချမှတ်လျှင်၊ အဆိုပါအမိန့်တွင် စစ်ဆေးမေးမြန်းမှု ပြုလုပ်ရန် စစ်ဆေးမေးမြန်းသူအဖြစ် ခန့်ထား သူကို၎င်း၊ စစ်ဆေးမေးမြန်းမှုပြုလုပ်ရန်နေရာကို၎င်း၊ စစ်ဆေးမေးမြန်းခြင်းခံရမည့် သက်သေကို၎င်း သီးခြားဖော်ပြရမည်။

(၄) နည်းဥပဒေ ၁၂ ပါပြဋ္ဌာန်းချက်နှင့်၎င်း၊ တရားရုံး၏ညွှန်ကြားချက် တခုခုနှင့်၎င်း မဆန့်ကျင်စေဘဲ၊ ဌာနမှူးသည်၊ စစ်ဆေးမေးမြန်းမှုပြုလုပ်ရန် စစ်ဆေးမေးမြန်းသူအဖြစ် ခန့်ထားသူအား၊ အယူခံမှု နှင့် စပ်လျဉ်း၍ ထိုသူလိုအပ်သည့် စာတမ်းအမှတ်အသားကို ဖြစ်စေ၊ သက်သေခံပစ္စည်းကိုဖြစ်စေ၊ အခြားပစ္စည်းကိုဖြစ်စေ၊ ပေးရမည်။ သို့တည်းမဟုတ် ၎င်းတို့နှင့်စပ်လျဉ်း၍ သင့်တော်သည့်နည်းလမ်း အတိုင်း ကူးယူထားသောမိတ္တူများကို ပေးနိုင်သည်။ စစ်ဆေးမေးမြန်းမှု ပြုလုပ်ပြီးသည့်နောက် စစ်ဆေး မေးမြန်းသူသည် အဆိုပါစာတမ်းအမှတ်အသား၊ သက်သေခံပစ္စည်းနှင့် အခြားပစ္စည်းကို ဤနည်းဥပဒေ အရ မိမိရယူထားသည့် သက်သေထွက်ဆိုချက်များနှင့်တကွ ဌာနမှူးအားပြန်ပေးရမည်။

(၅) စစ်ဆေးမေးမြန်းသူသည်၊ စစ်ဆေးမေးမြန်းရန်အတွက်နေ့ရက်နှင့် အချိန်ကိုသတ်မှတ်ပြီးသည့်အခါ၊ ထိုသို့သတ်မှတ်ထားသည့်နေ့ရက်နှင့် အချိန်ကို အယူခံတရားလိုနှင့် အယူခံတရားခံအားသော်၎င်း၊ အယူခံတရားလိုအချုပ်ခံနေရလျှင် ၎င်းအားချုပ်ထားရာနေရာကို ကြီးကြပ်သူအားသော်၎င်း အကြောင်း ကြားရန်ဌာနမှူးအား ပန်ကြားရမည်။ ထိုအခါဌာနမှူးသည်၊ စစ်ဆေးမေးမြန်းခြင်းခံရမည့် သက်သေအသီးသီးထံသို့ ပုံစံ ၄ ဖြင့်နို့တစ်စာချအပ်စေရမည်။

(၆) စစ်ဆေးမေးမြန်းသူမှာ သက်သေအားကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာပြုစေနိုင်သည့် အာဏာရှိရမည့်ပြင် ထိုသူအားကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာပြုစေ၍ တရားဥပဒေ နှင့် အညီမိမိဖြေဆိုစေလိုသောမေးခွန်းဟူသမျှကို ဖြေဆိုစေနိုင်သည့် အာဏာလည်းရှိရမည်။

(၇) သက်သေအသီးသီးနှင့် စပ်လျဉ်း၍ စစ်ဆေးမေးမြန်းသူရှေ့တွင် စစ်ဆေးမေးမြန်းချက်ကို သက်သေ ထွက်ဆိုချက်အဖြစ်ဖြင့် ရယူရမည့်ပြင်၊ အခြားနည်းအမိန့်ချမှတ်မထားပါက ဆိတ်ကွယ်ရာတွင်လည်း ရယူရမည်။ ပုံစံ ၆ ပါ သက်သေခံလက်မှတ်ကို အဆိုပါသက်သေထွက်ဆိုချက်နှင့်အတူ ပူးတွဲရမည်။

(၈) ဤနည်းဥပဒေအရ၊ သက်သေတဦးဦးအား ပေးရန်လိုအပ်သောအမိန့်စာ၊ သို့တည်းမဟုတ် နို့တစ် စာတခုခုကို တရားရုံးကအခြားနည်းဖြင့်ချအပ်ရန် အမိန့်ပေးမထားလျှင် သက်ဆိုင်သူအား လက်ရောက် ချအပ်ရမည်။

<ပြင်ဆင် 00.00.2014>

အမှုအရေးလွှဲအပ်ခံရသူ အထူးအရာရှိ။

၁၅။ ။ (၁) အက်ဥပဒေပုဒ်မ ၂၁၈၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (င) အရ၊ ပြဿနာတခုခုလွှဲအပ်ရန် တရားရုံးက အမိန့်ချမှတ်သောအခါ၊ လွှဲအပ်သောပြဿနာကို၎င်း၊ အမှုအရေးလွှဲအပ်ခံရသူ အထူးအရာရှိအဖြစ်ဖြင့် ထိုပြဿနာလွှဲအပ်ခြင်းခံရသူကို၎င်း

Myanmar Law Information System (MLIS)

အဆိုပါအမိန့်တွင် သီးခြားဖော်ပြရမည်။ ထို့ပြင်ထိုအမှုအရေး လွှဲအပ်ခံရသူ အထူးအရာရှိအား တရားရုံးသို့ အခါအားလျော်စွာ ကြားဖြတ်အစီရင်ခံစာများ တင်သွင်း ရမည်ဟူ၍လည်း ထိုအမိန့်ဖြင့် တောင်းဆိုနိုင်သည်။

(၂) အမှုအရေးလွှဲအပ်ခံရသူ အထူးအရာရှိတင်သွင်းသော အစီရင်ခံစာ မိတ္တူများကို အယူခံတရားလိုနှင့် အယူခံတရားခံအားပေးစေဟု တရားရုံးက အမိန့်ချမှတ်နိုင်သည်။

မှတ်ပုံစာအုပ်နှင့်အမှုခေါ်စာရင်း။

၁၆။ ။ (၁) ဌာနမှူးသည်၊ အက်ဥပဒေအရ မိမိလက်ခံရသည့် အယူခံမှုအားလုံးအတွက် မှတ်ပုံစာအုပ် ထားရှိရမည့်ပြင် ထိုမှတ်ပုံစာအုပ်ကိုလည်း အကျိုးသက်ဆိုင်သူတဦးဦးက ကြည့်ရှုစစ်ဆေးလိုကြောင်း တောင်းဆိုကာလ ထိုသူကြည့်ရှုစစ်ဆေးနိုင်ရန်အသင့်ထားရှိရမည်။

(၂) အက်ဥပဒေအရ အယူခံမှုများကို ကြားနာစစ်ဆေး၍ ဆုံးဖြတ်ရန်ဖွဲ့စည်းထားသည့်တရားရုံးက ရုံးထိုင်မည့်နေ့ရက်များတွင် စဉ်းစားမည်ဖြစ်သောအယူခံလွှာနှင့် လျှောက်လွှာများအတွက် အမှုခေါ် စာရင်းကိုလည်း ဌာနမှူးကစီမံပြုလုပ်ရမည်။ ထို့ပြင်ဌာနမှူးသည် တရားရုံး၏ သဘောတူညီချက် အရ၊ ထိုစာရင်းကိုလည်း၊ မိမိသင့်သည်ထင်မြင်သည့် အချိန်များတွင် သင့်သည်ထင်မြင်သည့် နေရာ များ၌ သင့်သည်ထင်မြင်သည့် နည်းလမ်းအတိုင်း၊ ထိုစာရင်းပါအမှုများကို တရားရုံးက ကြားနာစစ်ဆေး မည် ဖြစ်ကြောင်းဖြင့် ထိုအမှုများနှင့် သက်ဆိုင်သော အမှုသည်တို့နည်းလမ်းတကျ သိရှိနိုင်စိမ့်သောငှါ ထုတ်ပြန်စေရမည်။

<ပြင်ဆင် 00.00.2014>

ကြားနာစစ်ဆေးရာတွင် အယူခံတရားလိုအား လာရောက်စေရခြင်း။

၁၇။ ။ အယူခံတရားလိုမှာ အချုပ်ခံနေရ၍၊ မိမိ၏အယူခံမှုကို ကြားနာစစ်ဆေးခြင်းနှင့်ဆုံးဖြတ်ခြင်း ပြုလုပ်ရာတွင်ဖြစ်စေ၊ စစ်ဆေးမေးမြန်းမှု၊ သို့တည်းမဟုတ် စုံစမ်းစစ်ဆေးမှုပြုလုပ်ရာတွင်ဖြစ်စေ၊ ထိုသို့ပြုလုပ်ရာတွင်ရောက်ရှိသော အဆင့်တခုခုတွင်ဖြစ်စေ လာရောက်ခွင့်ရရှိလျှင် ထိုကိစ္စတရပ်ရပ် အတွက်ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားလိုအားငင်း၊ အယူခံတရားလိုအား ချုပ်ထားရာနေရာ ကိုကြီးကြပ်သူအားငင်း၊ အယူခံတရားခံအားငင်းဌာနမှူးက အကြောင်းကြားရမည်။

<ပြင်ဆင် 00.00.2014>

အယူခံလွှာစသည်များနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ကိုအကြောင်းကြားခြင်း။

၁၈။ ။ (၁) အယူခံလွှာတခုခုကိုဖြစ်စေ၊ လျှောက်လွှာတခုခုကိုဖြစ်စေ အပြီးသတ်ဆုံးဖြတ်ပြီးသောအခါ၊ ဌာနမှူးသည်၊ ဆုံးဖြတ်ချက်ကို၊ အယူခံတရားလိုအားငင်း၊ အယူခံတရားခံအားငင်း၊ အယူခံတရားလို အချုပ်ခံနေရလျှင် ငင်းအားချုပ်ထားရာနေရာကို ကြီးကြပ်သူအားငင်း၊ အကြောင်းကြားရန်မလိုအပ်ဟု ယူဆရန်အကြောင်းမရှိလျှင် စာဖြင့်အကြောင်းကြားရမည်။

(၂) သေဒဏ်ချမှတ်ခြင်းနှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှားစီရင်ချက်ကို အယူခံဝင်သည့်ကိစ္စတွင်၊ ဌာနမှူးသည်၊ အယူခံလွှာကိုရရှိသောအခါ၊ ထိုအယူခံလွှာမိတ္တူကို ကာကွယ်ရေးဝန်ကြီးဌာန၊ ရုံးအဖွဲ့မှူးထံသို့ ပေးပို့ရမည်။

Myanmar Law Information System (MLIS)

ထို့ပြင်ထိုအယူခံမှုကို အပြီးသတ်ဆုံးဖြတ်ပြီးသောအခါ၌လည်း အယူခံတရားလိုအားရင်း၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ရုံးအဖွဲ့မှူးအားရင်း၊ အယူခံတရားလိုအားချုပ်ထားရာနေရာကို ကြီးကြပ်သူ အားရင်း စာဖြင့်အကြောင်းကြားရမည်။

(၃) အယူခံမှုကိုဆုံးဖြတ်ပြီးနောက် ဖြစ်စေ၊ စွန့်လွှတ်ပြီးနောက်ဖြစ်စေ ဌာနမှူးသည် တရားရုံး ကချမှတ်သည့်အမိန့်နှင့်အညီ စစ်တရားရုံး၏အမှုတွဲနှင့် လျှောက်လွှာကိုစစ်ဥပဒေချုပ်ရုံး သို့မဟုတ် တပ်မတော်မှတ်တမ်း ညွှန်ကြား ရေးမှူးရုံး၊ သက်ဆိုင်ရာရာအား ပြန်ပေးရမည်။

(၄) စစ်ဘက်အယူခံတရားရုံးသည် စစ်ဆေးစီရင်ခဲ့သော အယူခံမှုများကို ဆုံးဖြတ်ချက်ချမှတ်သည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ တင်ပြရမည်။

(၅) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်ဘက်အယူခံတရားရုံးကတင်ပြလာသော ဆုံးဖြတ်ချက် နှင့် အယူခံအမှုတွဲကို စိစစ်ပြီးနောက် စစ်ဘက်အယူခံတရားရုံး၏ ဆုံးဖြတ်ချက်ကို အတည်ပြုကြောင်း သို့မဟုတ် စစ်ဘက်အယူခံတရားရုံး၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက်၍ စစ်တရားရုံး၏ ဆုံးဖြတ်ချက်ကို ပြန်လည်အတည်ပြုကြောင်း သို့မဟုတ် စစ်ဘက်အယူခံတရားရုံး၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက်၍ အယူခံတရားလိုအား စွဲဆိုထားသောအမှုမှ အပြီးအပြတ်လွှတ်ကြောင်း အမိန့်ချမှတ်နိုင် သည်။ သို့မဟုတ် စစ်ဘက်အယူခံတရားရုံးက ချမှတ်ခဲ့သော ပြစ်ဒဏ်ကို ပယ်ဖျက်၍ ယင်းပြစ်ဒဏ် အောက် လျော့သော ပြစ်ဒဏ်ကျခံစေရန် အမိန့်သို့မဟုတ် တပ်မတော်အက်ဥပဒေကခွင့်ပြုသည့် အခြား သင့်လျော် သည်ဟု ထင်မြင်သည့်အမိန့်တစ်ရပ်ရပ်ကို ပြင်ဆင်ချမှတ်နိုင်သည်။ တပ်မတော်ကာကွယ် ရေးဦးစီးချုပ် ၏အဆုံး အဖြတ်သည်အပြီးအပြတ်ဖြစ်သည်။

<ပြင်ဆင် 00.00.2014>

ပစ္စည်းပြန်အပ်စေရန် အမိန့်။

၁၉။ ။ (၁) အက်ဥပဒေပုဒ်မ ၁၅၅အရ၊ ပစ္စည်းတခုခုကိုပြန်အပ်စေရန် အမိန့်ချမှတ်ပြီးနောက် အက်ဥပဒေ ပုဒ်မ ၂၂၄ အရ၊ ထိုအမိန့်အတိုင်းဆောင်ရွက်ခြင်းကို ဆိုင်းငံ့ထားသောအခါ၊ ထိုပစ္စည်းမှာ၊ ဌာနမှူးက ထိန်းသိမ်းထားသော ပစ္စည်းမဟုတ်လျှင်၊ ထိုအမိန့်ချမှတ်သော အာဏာပိုင်သည်၊ ထိုအမိန့် နှင့်အညီ ဆောင်ရွက်ခြင်းကို ဆိုင်းငံ့ထားသမျှကာလပတ်လုံး အဆိုပါပစ္စည်းကိုလုံခြုံစွာ ထိန်းသိမ်းထားစေရ မည်။

(၂) ပစ္စည်းပြန်အပ်စေရန် ချမှတ်သောအမိန့်အရ ပစ္စည်းပြန်လည်ရရှိမည့်သူသည်ရင်း၊ ပစ္စည်းကိုပြန်အပ် ရမည့်သူသည်ရင်း၊ တရားရုံး၏ခွင့်ပြုချက်အရ အခြားသူတဦးဦးသည်ရင်း ပစ္စည်းပြန်အပ်စေရန် အမိန့် ချမှတ်ထားသောပြစ်မှုထင်ရှား စီရင်ချက်နှင့် စပ်လျဉ်းသည့် အယူခံမှုကိုတရားရုံးက အပြီးသတ်ကြားနာ စစ်ဆေးသည့်အခါ၊ မိမိပြောဆိုလိုသောအချက်များကို အက်ဥပဒေ ပုဒ်မ ၂၂၄ အရ၊ အမိန့်မချမှတ်မီ တရားရုံးသို့တင်ပြ၍ထိုအချက်များကို တရားရုံးအားစဉ်းစားစေနိုင်သည့် အခွင့်အရေးရရှိစေရမည်။

<ပြင်ဆင် 00.00.2014>

လျှောက်ထားပြောဆိုပိုင်ခွင့်။

၂၀။ ။ အောက်တွင်ဖော်ပြထားသူ တဦးဦးသည်၊ တရားရုံးရှေ့ဆောင်ရွက်သည့် မှုခင်းကိစ္စနှင့်စပ်လျဉ်း၍၊ တရားရုံးအားလျှောက်ထားပြောဆိုနိုင်သည်။

Myanmar Law Information System (MLIS)

(က) အယူခံတရားလို (မူလရုံးတရားခံ) က အမှုလိုက်အရာရှိအဖြစ် ရွေးချယ်ပြီးယင်းရွေးချယ်ခံရသူ အရာရှိကလည်း ကျေနပ်လက်ခံသည့် ဒုတိယဗိုလ်မှူးကြီးအဆင့် အောက်မနိမ့်သော အရာရှိကြီးတစ်ဦး၊

(ခ) အယူခံတရားခံ (နိုင်ငံတော်) အတွက် စစ်ဥပဒေချုပ်က တာဝန်ပေးအပ်သည့် လက်ထောက် စစ်ဥပဒေချုပ် ရာထူးအောက်မနိမ့်သော အရာရှိကြီးတစ်ဦး၊

(ဂ) အယူခံတရားလို (မူလရုံးတရားခံ) က ယင်းအတွက် အမှုလိုက်အရာရှိ မရွေးချယ်လျှင် တရားခွင်သို့ မိမိလာရောက်ရန် တရားရုံး၏ ခွင့်ပြုချက်ရရှိပါက အယူခံတရားလိုကိုယ်တိုင်၊

(ဃ) တရားရုံးအား၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြင်ပ၌ ရုံးထိုင်ရန်ညွှန်ကြားထားလျှင် အယူခံ တရားလိုအတွက်ဖြစ်စေ၊ အယူခံတရားခံအတွက်ဖြစ်စေ အမှုလိုက်လဲဆောင်ရွက်ရန်တရားရုံးက ခွင့်ပြု ထား သောအခြားသူ။

<ပြင်ဆင် 00.00.2014>

နည်းဥပဒေများအတိုင်း မလိုက်နာမဆောင်ရွက်ခြင်း။

၂၁။ တရားရုံးကဖြစ်စေ၊ တရားသူကြီးတဦးကဖြစ်စေအခြားနည်းညွှန်ကြားမထားလျှင် ဤနည်းဥပဒေ များအတိုင်း အယူခံတရားလိုက မလိုက်နာမဆောင်ရွက်ခြင်းသည်၊ အယူခံမှုဆက်လက် ဆောင်ရွက် ခြင်းကိုမတားမြစ်စေရ။ ဤနည်းဥပဒေအရ တရားရုံးကသော်၎င်း၊ တရားသူကြီးတဦးကသော်၎င်း ညွှန်ကြားချက်များပေးစဉ်က၊ အယူခံတရားလိုမရှိလျှင် ဌာနမှူးသည်၊ အဆိုပါညွှန်ကြားချက်များကို အယူခံတရားလိုအား၊ ချက်ခြင်းအကြောင်းကြားရမည်။

တာဝန်ဝတ္တရားများကို အတင်းအကြပ်ဆောင်ရွက်စေခြင်း။

၂၂။ ။ အက်ဥပဒေအခန်း ၁၇ အရဖြစ်စေ၊ ဤနည်းဥပဒေများအရဖြစ်စေ၊ တဦးတယောက်သောသူ အပေါ်တွင် သတ်မှတ်ချထားပေးသော မည်သည့်တာဝန်ဝတ္တရားကိုမဆို တရားရုံး၏အမိန့်ဖြင့် အတင်း အကြပ် ဆောင်ရွက်စေနိုင်သည်။

သက်သေစရိတ်များ။

၂၃။ ။ တရားရုံး၏အမိန့်အရ လာရောက်သော၊ သို့တည်းမဟုတ် အယူခံလွှာနှင့် အကြောင်းဆက်သွယ် လျက်ရှိသော မှုခင်းကိစ္စတွင်၊ စစ်ဆေးမေးမြန်းခြင်းခံရသော သက်သေအား၊ စစ်ဘက်အယူခံတရားရုံးက စစ်ဆေးစီရင်သော အမှုတွင် သက်သေအတွက်ခွင့်ပြုသည့် ခရီးစရိတ်နှင့်စားစရိတ်ကို ပေးရမည်။

<ပြင်ဆင် 00.00.2014>

၂၄။ ။ ပယ်ဖျက်

<ပြင်ဆင် 00.00.2014>

၂၅။ ။ ပယ်ဖျက်

<ပြင်ဆင် 00.00.2014>

၂၆။ ။ ပယ်ဖျက်

Myanmar Law Information System (MLIS)

<ပြင်ဆင် 00.00.2014>

အမိန့်အရ၊

ကျော်ထွန်း၊

ဌာနမှူး။

တရားလွှတ်တော်ချုပ်။

**----- Attachment -----**

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ပဌမဇယား ပုံစံ ၁ စစ်ဘက်အယူခံဌာန ဌာနမှူးထံသို့ ပြစ်မှုထင်ရှားစီရင်ချက်ကို အယူခံဝင်ခွင့်ပြုရန် လျှောက်လွှာ

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 ပုံစံ ၂ စစ်ဘက်အယူခံဌာနဌာနမှူးထံသို့ အယူခံဝင်ခွင့်ပြုထားသောအချိန် တိုးပေးရန် လျှောက်ထားကြောင်းနို့တစ်စာ

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 ပုံစံ ၃ စစ်ဘက်အယူခံဌာန ဌာနမှူးထံသို့ အယူခံမှုစွန့်လွှတ်ကြောင်းနို့တစ်စာ

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 ပုံစံ ၄ စစ်ဘက်အယူခံဌာန ဌာနမှူးထံမှ သက်သေအား၊ စစ်ဆေးမေးမြန်းမှုအတွက် လာရောက်စေရန်အမိန့်

[ ပူးတွဲဖော်ပြသော စာရင်း 5 ] 05 ပုံစံ ၅ စစ်ဘက်အယူခံဌာနဌာနမှူးထံသို့ နောက်ထပ်သက်သေများခေါ်ယူ စစ်ဆေးရန် အယူခံတရားလို၏လျှောက်လွှာ

[ ပူးတွဲဖော်ပြသော စာရင်း 6 ] 06 ပုံစံ ၆ စစ်ဆေးမေးမြန်းသူရှေ့တွင် စစ်ဆေးမေးမြန်းခြင်းခံရသော သက်သေ၏ထွက်ဆိုချက် သက်သေခံလက်မှတ်

[ ပူးတွဲဖော်ပြသော စာရင်း 7 ] 07 ဒုတိယဇယား

Myanmar Law Information System (MLIS)